# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်



## ရုပ်မြင်သံကြားဇာတ်လမ်းအတွဲ (၆)

### ရွှေ့ပြောင်းစိုက်ပျိုးနည်းမှ လှေကားထစ်စိုက်ပျိုးနည်းသို့ ပြောင်းလဲခြင်း (ဟားခါးမြို့၊ ချင်းပြည်နယ်)

International Development
Australian Broadcasting Corporation

# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်

## ရုပ်မြင်သံကြားဇာတ်လမ်းအတွဲ (၆)။ ။ ရွှေ့ပြောင်းစိုက်ပျိုးနည်းမှ လှေကားထစ်စိုက်ပျိုးနည်းသို့ ပြောင်းလဲခြင်း (ဟားခါးမြို့၊ ချင်းပြည်နယ်)

## မိတ်ဆက်နိဒါန်း

ဤလမ်းညွှန်သည် ရုပ်မြင်သံကြား ပညာပေးဇာတ်လမ်းကိုအသုံးပြုပြီး "လှုက်ရည်ကြမ်းစကားဝိုင်း" တစ်ခု ပြုလုပ်ရာတွင် ဦးဆောင်ဆွေးနွေးသူများအတွက် လိုအပ်သော ဆွေးနွေးပွဲလမ်းညွှန်ချက်များကို ဖော်ပြထားသည်။ ဤလမ်းညွှန်ချက်ကို မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်နှင့် တွဲဖက်အသုံးပြုရမည်။ ဝိုင်းဖွဲ့ဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ရုပ်မြင်သံကြားအစီအစဉ်မှတစ်ဆင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို ကျေးလက်နေ ပြည်သူများအား သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ ဖြန့်ဝေပေးရန် ဖြစ်ပါသည်။

## ရည်ရွယ်ချက်များ

| |
|---|
| ဤစကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြီးနောက် ပါဝင်ဆွေးနွေးသူများသည် အောက်ဖော်ပြ အကြောင်းအရာများနှင့်စပ်လျဉ်းသော ၎င်းတို့၏ ဗဟုသုတများ၊ စိတ်နေသဘောထားများနှင့် အပြုအမူများဆိုင်ရာ အပြောင်းအလဲများနှင့် ကြုံတွေ့လာလိမ့်မည်။ |

**ဦးဆောင်ဆွေးနွေးသူ။** ။ အစိုးရဌာနများမှ ဝန်ထမ်းများ သို့မဟုတ် အရပ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ
**ဆွေးနွေးမည့်နည်းစနစ်။** ။ အုပ်စုဖွဲ့ဆွေးနွေးခြင်း (လက်ဖက်ရည်ကြမ်းစကားဝိုင်း)
**ဆွေးနွေးပွဲတွင်ပါဝင်သူ။** ။ ၅ ဦး အနည်းဆုံး (လယ်သမား၊ လယ်ယာလုပ်သား၊ ကျေးရွာသူကျေးရွာသား)
**ကြာမည့်အချိန်။** ။ ၁ နာရီ ၅၀ မိနစ်
**လိုအပ်သောပစ္စည်း။** ။ DVD Player ၊ ပိုစတာဆိုဒ် စာရွက်အကြီး၊ Marker ၊ မှတ်စုစာအုပ်နှင့် ဘောပင်

---

### ဆွေးနွေးပွဲ အစီအစဉ်

**အခန်း ၁။** ။ **မိတ်ဆက်ခြင်း** **(၁၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူက ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ အချင်းချင်းကို မိတ်ဆက်ပေးခြင်းဖြင့် ဆွေးနွေးပွဲကို စတင်ပါ။ (တစ်ဦးချင်း ၎င်းတို့၏နေရပ်လိပ်စာနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းကို ပြောပါစေ။)

- ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ ရင်းနှီးစွာ မေးမြန်းဆွေးနွေးနိုင်ကြောင်း တိုက်တွန်းပါ။

- ဦးဆောင်ဆွေးနွေးသူက ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဆွေးနွေးပွဲပြီးသည့်အခါ ပါဝင်ဆွေးနွေးသူများသည် အထက်တွင် ဖော်ပြထားသော ရည်ရွယ်ချက်များအတိုင်း သတင်းအချက်အလက်များ ရရှိသွားလိမ့်မည်ဟု ရှင်းလင်းပြောဆိုရန် ဖြစ်သည်။

- ထို့နောက် ဆွေးနွေးပွဲအစီအစဉ်ကို ရှင်းပြပါ။

**အခန်း ၂။ ။ ပူးပေါင်းစဉ်းစားခြင်း (၁၅ မိနစ်)**

- မိတ်ဆက်ခြင်းပြီးနောက် ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူများ လိုအပ်သော သတင်းအချက် အလက်များကို ပဏာမသိရှိနိုင်ရန် အောက်ပါ ယေဘုယျဆန်သော မေးခွန်းများကို တစ်ဦးချင်း မေးခြင်း စူးစမ်းလေ့လာ ကြည့်ပါ။

  (က) လက်ရှိ အသုံးချသော စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံထွက်ရှိမှုအပေါ် သင့်အနေဖြင့် ကျေနပ်မှုရှိပါသလား။

  (ခ) ဤဒေသမှ တောင်သူများ အဓိက ရင်ဆိုင်ရသည့် အခက်အခဲများက အဘယ်နည်း။

  (ဂ) စိုက်ပျိုးနည်းစနစ်သစ်များကို သင်ယူလေ့လာရန်နှင့် စမ်းသပ်ရန် စိတ်ဝင်စားပါ သလား။ (အဘယ်ကြောင့် စိတ်ဝင်စားသနည်း၊ သို့မဟုတ် စိတ်မဝင်စားသနည်း)

  (ဃ) တောင်သူများ စိုက်ပျိုးရေး အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်ကောင်းမွန်စေရန် မည်သည့် သတင်းအချက်အလက်များ လိုအပ်မည်နည်း။

| **ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၁)** |
|---|
| ❖ အခန်း (၁) တွင် ဆွေးနွေးပွဲသို့ လာရောက်သူများသည် ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေးပုံနည်းလမ်းကို သိရှိပြီ ဖြစ်သည်။ |
| ❖ အခန်း (၂) ၏ ရည်ရွယ်ချက်မှာ ပါဝင်ဆွေးနွေးမည့်သူများ တစ်ဦးနှင့်တစ်ဦး ပိုမို ရင်းရင်းနှီးနှီး ဖြစ်စေရန်နှင့် ဆွေးနွေးဖလှယ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် နှိုးဆွပေးရန် ဖြစ်သည်။ |
| ❖ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပါဝင်ဆွေးနွေးသူများက ၎င်းတို့နေ့စဉ်ဘဝအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်နေကြောင်းကို ဦးဆောင်ဆွေးနွေးသူက နားလည်နိုင်မည် ဖြစ်သည်။ |
| ❖ အထက်ပါ မေးခွန်း (၄) ခုကို ဆွေးနွေးရာတွင် မေးခွန်းတစ်ခုမေးပြီးတိုင်း ပါဝင်ဆွေး နွေးသူ တစ်ဦးချင်းစီ၏အဖြေများကို စာရွက်ချပ်အကြီးပေါ်တွင် ဦးဆောင်ဆွေးနွေးသူက ရေးမှတ်ရပါမည်။ ဤအဆင့်တွင် ပြန်လှန်ဆွေးနွေးခြင်း မပြုရပါ။ |

**အခန်း ၃။ ။ "ရွှေ့ပြောင်းစိုက်ပျိုးနည်းမှ လှေကားထစ်စိုက်ပျိုးနည်းသို့ ပြောင်းလဲခြင်း" ရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်ရှုလေ့လာခြင်း (၃၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူသည် ဤရုပ်မြင်သံကြားအစီအစဉ် အကြောင်းအရာကို အကျဉ်းမျှ ရှင်းပြပါ။ ထိုသို့ ရှင်းပြရာ တွင် အောက်ပါအချက်များ ပါဝင်ပါစေ။

  "ဤရုပ်မြင်သံကြားအစီအစဉ်သည် ဟားခါးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ရွှေ့ပြောင်းတောင် ယာမှ လှေကားထစ်စိုက်ပျိုးနည်းစနစ်၏ စားနပ်ရိက္ခာဖူလုံရေးအတွက် ပိုမိုအထောက်အပံ့ဖြစ် စေသည့်အကြောင်းနှင့် အသေးစားငွေချေးငွေလုပ်ငန်းဖြင့်

ဒေသခံများ၏ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်လာပုံအကြောင်း တင်ပြထားခြင်း ဖြစ်ပါသည်။”

- ထိုနောက် ရုပ်မြင်သံကြားဇာတ်လမ်းအစီအစဉ်ကို ဖွင့်ပြပြီး၊ သေချာအာရုံစိုက် ကြည့်ရှုလေ့လာရန် တိုက်တွန်းပါ။ ကြည့်ရှုစဉ်အတွင်း ၎င်းတို့မေးမြန်းဆွေးနွေးလိုသော အကြောင်းအရာများကို စဉ်းစားထားရန် တိုက်တွန်းပါ။

- ရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်ရှုပြီးနောက် ဦးဆောင်ဆွေးနွေးသူက ကြည့်ရှုသူတစ်ဦးချင်းစီကို ၎င်းတို့၏ မှတ်မိသမျှ သတင်းအချက်အလက်များအား မေးမြန်း၍ မှတ်တမ်းတင်ပါ။

**အခန်း ၄။ ။ ရုပ်မြင်သံကြားအစီအစဉ် ကြည့်ရှုပြီးနောက် လေ့လာတွေ့ရှိချက်များကို ဆွေးနွေးခြင်း (၄၅ မိနစ်)**

- ပထမဆုံးအနေဖြင့် ဤရုပ်မြင်သံကြားဇာတ်လမ်းကိုကြည့်ရှုပြီးနောက် မည်သည့်သတင်းအချက်အလက် များ လေ့လာရရှိခဲ့ပြီး၊ ထိုသတင်းအချက်အလက်များအပေါ် ပါဝင်ဆွေးနွေးသူများ၏ အမြင် သဘောထားများအား အုပ်စုဖွဲ့ဆွေးနွေးပါ။ တီဗွီဇာတ်လမ်းမှ ၎င်းတို့ မြင်ခဲ့ကြားခဲ့ သမျှအပေါ် မေးခွန်း မေးမြန်းနိုင်ရန် အခွင့်အရေးပေးပါ။

- ဤရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်ဆွေးနွေးသူများအတွက် အရေးကြီးသော ဆွေးနွေးချက်များကို စနစ်တကျ ပြန်လည်ဆွေးနွေးနိုင်ရန် ဦးဆောင်ဆွေးနွေးသူကို အထောက်အပံ့ဖြစ်စေမည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- ပါဝင်ဆွေးနွေးသူများ၏ အရပ်ဒေသနှင့် အသက်မွေးဝမ်းကြောင်း လိုအပ်ချက်ကိုလိုက်၍ ဆွေးနွေးမှုအပိုင်းအားလုံး သို့မဟုတ် အချို့ကို ရွေးချယ်ဆွေးနွေးနိုင်ပါသည်။ ဂိုင်းဖွဲ့ဆွေးနွေးမှုကို အထောက်အကူဖြစ်စေရန် မေးခွန်းများကို အသုံးပြုနိုင်ပါသည်။ ဦးဆောင်ဆွေးနွေးသူသည် “နောက်ဆက်တွဲ (၁) ဆွေးနွေးချက်မှတ်စုပုံစံ” ကိုသုံး၍ ဆွေးနွေးချက်များကို မှတ်တမ်းတင်ပါ။

**အပိုင်း (၁)။ ။ စားနပ်ရိက္ခာဖူလုံရန် ရွှေ့ပြောင်းတောင်ယာမှ လှေကားထစ် စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲခြင်း**

| <u>အဓိကကျသော သတင်းစကားများ</u> |
|---|
| မြင့်မားတောင်တန်း နက်ရှိုင်းချိုင့်ဝှမ်း စိန်ခေါ်မှုအကဲစမ်း ချင်းတို့ရဲ့ဌာနေလမ်း<br>စိမ်းညို့တောင်တန်း ဘဝကကြမ်း ချင်းတို့ရဲ့တောင်ယာစခန်း |

(၁) မြန်မာနိုင်ငံ အခြားအရပ်ဒေသများနှင့် မတူဘဲ ချင်းပြည်နယ်သည် စားနပ်ရိက္ခာဖူလုံမှုအတွက် အဘယ့်ကြောင့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေပါသနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) တောင်တန်းများနှင့် လျှိုမြောင်များ ပေါများ၍ မြေပြန့်နည်းပါးခြင်း၊ (၂) စိုက်ပျိုးမြေနည်းပါးပြီး ရာသီဥတုပြင်းထန်သော အရပ်ဒေသဖြစ်ခြင်း၊ (၃) လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး၊ တစ်နေရာနှင့်တစ်နေရာ ကုန်သွယ်မှုခက်ခဲခြင်း။

(၂) မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာကြောင့် ဖြစ်ပေါ်လာသော အခက်အခဲများက အဘယ်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးနည်းကြောင့် (၁) နှစ်စဉ် သစ်တောများကို ခုတ်ပြီး မီးရှို့၍ တောင်ယာအသစ် ဖော်ထုတ်ခြင်းကို နေရာအနှံ့ပြုလုပ်ကြသဖြင့် သစ်တောပြုန်းတည်းခြင်း၊ (၂) နောက်ဆက်တွဲအဖြစ် ရာသီဥတုပြောင်းလဲခြင်းနှင့် မြေပြိုခြင်း၊ (၃) စိုက်ခင်းနေရာများ တဖြေးဖြေးဝေးလာခြင်း။

(၃) လှေကားထစ်စိုက်ခင်းနည်းစနစ်သို့ ပြောင်းလဲကျင့်သုံးခြင်းနိုင်ရန် မည်သည့်အရာများ လိုအပ်ပြီး၊ မည်ကဲ့သို့ရရှိနိုင်သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) လှေကားထစ်စိုက်ခိုင်ဖော်ဆောင်ရန် ကုန်ကျစရိတ်ရှိသဖြင့် အရင်းအနှီးလိုအပ်ခြင်း၊ (၂) လှေကားထစ်စိုက်ခင်းများသည် အမြဲတမ်းစိုက်ခင်းများ ဖြစ်သဖြင့် စိုက်ပျိုးနည်းစနစ်များ၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းသည့် နည်းစနစ်များ လိုအပ်သည်။ (၃) အထက်ပါလိုအပ်ချက်များအတွက် အသေးစားချေးငွေ အစီအစဉ်များနှင့် စိုက်ပျိုးနည်းပညာများ ပံ့ပိုးခြင်းကို အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် GRET Myanmar နှင့် CORAD တို့မှ ကူညီပံ့ပိုးလျက် ရှိသည်။

## အပိုင်း (၂)။ ။ လှေကားထစ်စိုက်ပျိုးနည်းစနစ်ကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများ

<u>အဓိကကျသော သတင်းစကားများ</u>

ရွှေ့ပြောင်းတောင်ယာဆို တောပြုန်းလို့တောင်ပြို ကုန်းမြင့်လယ်ယာကို ဖော်ထုတ်ဖို့လို
နည်းပညာများ သင်ယူမှတ်ထား လူမှုစီးပွား တိုးတက်တအား

(၁) လှေကားထစ်စိုက်ခင်းများ ဖော်ဆောင်မှုကြောင်း မည်ကဲ့သို့ အပြောင်းအလဲများ ရှိလာသနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။(၁) လှေကားထစ်စိုက်ခင်းများသည် အတည်တကျဖြစ်သောကြောင့် သစ်တောပြုန်းတီးမှုကို သိသာစွာ လျှော့ချနိုင်ခြင်း၊ (၂) တောင်တန်းတောင်စောင်းများ ပေါ်များသော ဒေသအတွက် အသင့်လျော်ဆုံး စိုက်ပျိုးနည်းဖြစ်ခြင်း၊ (၃) စားနပ်ရိက္ခာဖူလုံမှုကို ပို၍အထောက်အပံ့ဖြစ်ခြင်း၊ (၄) မြေနှင့်ရေ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်ခြင်း။

(၂) လှေကားထစ်စိုက်ခင်းတစ်ခုကို ဖော်ဆောင်ရာတွင် လိုအပ်ချက်များက အဘယ်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) လှေကားထစ်စိုက်ခင်းဖော်ဆောင်နိုင်သော တောင်စောင်းဆင်ခြေလျှော် အနိမ့်အမြင့်ရှိရခြင်း၊ (၂) လှေကားထစ်အကွက်များ ဖော်သည့်အခါ မြေဆီလွှာမပျက်စီးရန် အပေါ်ယံမြေဆီလွှာကို သီးခြင်းဖယ်ရခြင်း၊ (၃) အသစ်ဖော်ထုတ်ထားသော လှေကားထစ်စိုက်ခင်း၏ မြေဆီလွှာကောင်းလာစေရန် ပဲအမျိုးနွယ်ဝင် အပင်များကို ပထမဆုံး စိုက်ပျိုးရန်လိုအပ်ခြင်း၊ (၄) ရာသီအလိုက် စိုက်ပျိုးသည့်သီးနှံအကြွင်းအကျန်များကို သစ်စိမ်းမြေဩဇာ (Green Manure) လုပ်ခြင်းဖြင့် မြေဆီလွှာအရည်အသွေး ထိန်းသိမ်းခြင်း။

## အပိုင်း (၃)။ ။ အသေးစားချေးငွေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများ ဖန်တီးပေးခြင်း

<u>အဓိကကျသော သတင်းစကားများ</u>

ဝမ်းစာဖူလုံ လှေကားထစ်ပုံ နည်းပညာ ယူကြကုန်
အလုပ်အကိုင်တိုးပွား ဝင်ငွေများ ချေးငွေရဲ့အင်အား

(၁) ချင်းပြည်နည်တွင် GRET Myanmar မှ အသေးစားချေးငွေလုပ်ငန်းကို မည်သည့်အချိန်က စတင်ခဲ့ပြီး မည်ကဲ့သို့ ဖွံ့ဖြိုးလျက် ရှိသနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) ၁၉၉၈ ခုနစ်တွင် ချင်းပြည်နယ်ရှိ ကျေးရွာများတွင် GRET Myanmar အသေးစားချေးငွေအစီအစဉ်ကို စတင်ခြင်း၊ (၂) လူ ငါးဦးကို အဖွဲ့တစ်ဖွဲ့ ဖွဲ့၍ အပြန်အလှန်အာမခံရသည့် ပိုင်းကြီးချုပ်စနစ်ဖြင့် ငွေချေးခြင်း၊ (၃) ယခင်က အိမ်ထောင်စု တစ်စုလျှင် ကျပ်ငွေ (၅၀၀၀) နှုန်းချေးရာမှ၊ ယခုအခါ (၁၆၀၀၀၀ - ၂၀၀၀၀၀) အကြား တိုးတက်ချေးပေးနိုင်ခြင်း၊ (၄) အသေးစားစီးပွားရေးလုပ်ငန်း ထူထောင်ချင်သူများကို ကျပ်ငွေ (၆) သိန်းမှ (၁၀) သိန်းအထိ ထုတ်ချေးပေးခြင်း၊ (၅) ချေးငွေစီမံခန့်ခွဲရေးကော်မတီကို ကျေးရွာအဆင့်ဖွဲ့စည်း၍ ငွေချေးခြင်းနှင့် ပြန်ဆပ်ငွေများကို တာဝန်ယူကောက်ခံခြင်း။

(၂) အသေးစား ချေးငွေအစီအစဉ်က ချင်းပြည်နယ် ကျေးရွာများရှိ မိသားစုများကို မည်ကဲ့သို့ အထောက်အကူပေးလျက် ရှိသနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) အသေးစားချေးငွေအစီအစဉ်သည် ဆင်းရဲသောမိသားစုများနှင့် ကျေးရွာများအတွက် ဖွံ့ဖြိုးတိုးတက်ရေး လမ်းစ ဖြစ်ခြင်း၊ (၂) အဆင်းရဲဆုံးမိသားစုများအတွက် ပို၍ထိရောက်မှုရှိခြင်း (၃) အမျိုးသမီးများအတွက် အများဆုံး အလုပ်အကိုင်ရရှိစေခြင်း၊ (၄) စိုက်ပျိုးရေးနှင့်တွဲဖက်၍ မွေးမြူရေး၊ အသေးစား ကုန်ရောင်းကုန်ဝယ်ခြင်းနှင့် အိမ်အခြေပြု ကုန်စုံဆိုင်များ ဖွင့်လှစ်နိုင်လာခြင်းကြောင့် ဝင်ငွေတိုးပွားလာခြင်း။

## အပိုင်း (၄)။ ။ ချင်းပြည်နယ်အစိုးရ၏ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းနေမှုများ

<u>အဓိကကျသော သတင်းစကားများ</u>

အမျိုးသမီးများ ပါဝင်လေ အိမ်ထောင်စုဝင်ငွေ ဖူလုံပေ
မြေဆီလွှာနဲ့ဂန်းကျင်မြေ ထိန်းသိမ်းစို့လေ စိမ်းလန်းလို့စိုပြေ ချင်းတို့မြေ

(၁) ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန် ပြည်နည်အစိုးရအတွက် အဓိကစိန်ခေါ်မှုများက အဘယ်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ (၂) စိုက်ပျိုးမြေ များပိုမိုဖော်ထုတ်ရန် (၃) ခေတ်မီစိုက်ပျိုးနည်းပညာ ပိုမိုရယူဖြန့် ဖြူးရန် (၄) စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖိတ်ခေါ်ရန်။

(၂) ပြည်နယ်အစိုးရ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေတိုးပွားရေး မဟာဗျူဟာက အဘယ်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) စိုက်ပျိုးမြေအနည်းဆုံးဒေသများတွင် စိုက်ပျိုးမြေဖော်ထုတ်ရန် ၂၀၁၆ - ၂၀၁၇ ခုနစ်အတွင်း ဧက (၅၆၀) ရထားခြင်း၊ (၂) ပထဝီမြေပြင်နှင့် ရာသီဥတုအခြေအနေအရ လက်ဖက်ကဲ့သို့ နှစ်ရှည်သီးနှံစိုက်ပျိုးနိုင်သည့်ဒေသများတွင် လက်ဖက်စိုက်ပျိုးခြင်းကို အားပေးခြင်းဖြင့် ဝင်ငွေတိုးပွားစေပြီး၊ ရွှေ့ပြောင်းတောင်ယာခုတ်ခြင်းကို လျော့ချခြင်း။

**အပိုင်း ၅။ ။ ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို သုံးသပ်လေ့လာခြင်း (၁၀ မိနစ်)**

- ဤဆွေးနွေးပွဲ မပြီးဆုံးမီ ဦးဆောင်ဆွေးနွေးသူသည် ဆွေးနွေးပွဲအကြောင်းအရာအပေါ် ပါဝင်ဆွေးနွေး သူများ၏ အပြုအမူ သဘောထား မည်ကဲ့သို့ရှိပုံကို အောက်ပါ မေးခွန်းများ မေးမြန်း၍ အကဲဖြတ် လေ့လာရန် ဖြစ်သည်။

    - ဤရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်ရှုခြင်းဖြင့် မည်သည့် သတင်းအချက်အလက်များ ရရှိခဲ့ပါ သနည်း။ ထိုသတင်းအချက်အလက်များသည် သင့်အတွက် အသုံးဝင်ပါသလား။ အဘယ် ကြောင့်နည်း။
    - သင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတတ် ကောင်းမွန်ရေးအတွက် အခြား မည်သည့် သတင်းအချက်အလက်များ လိုအပ်ပါသနည်း။
    - ဤရုပ်မြင်သံကြားအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံး ရန် ရှိပါသလား။ အကြောင်းရင်းကို ရှင်းလင်းပြပါ။
    - ဤရုပ်မြင်သံကြားအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံး ရန် မည်သည့် အတားအဆီးအခက်အခဲများ ရှိပါသလဲ။
    - ဤရုပ်မြင်သံကြားအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံး ရန် သင့်ကို အထောက်အပံ့ဖြစ်စေမည့် အရာတွေက အဘယ်နည်း။

- ဒေသခံပြည်သူများသည် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်များ ဆက်လက်ရရှိစေရန် အထက်ပါမေးခွန်းများ၏ အဖြေများကို အခြားပညာပေးလုပ်ငန်းများအတွက် ပြန်လည် အသုံးချနိုင်ရန် မှတ်တမ်းထားရှိပါ။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၂)**

ရုပ်မြင်သံကြားအစီစဉ်တစ်ခုကို အသုံးပြု၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြင်ဆင်ရာတွင် ဦးဆောင်ဆွေးနွေး သူသည် အောက်ပါတို့ကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်။

- ✓ ရုပ်မြင်သံကြား အစီအစဉ်ပါ အကြောင်းအရာအတွက် သင့်လျော်သော နားထောင်သူအုပ်စုကို ကြိုတင် စုစည်းထားပြီး၊ ဆွေးနွေးပွဲမတိုင်မီ ၎င်းတို့အား ကြိုတင်အကြောင်းကြားထားရန်။
- ✓ အကယ်၍ နားထောင်သူအုပ်စုသည် တိုင်းရင်းသားများဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူသည် ဒေသဘာသာစကားကို မပြောနိုင်ပါက ဒေသခံဘာသာစကား ပြောဆိုနိုင်သူတစ်ဦးကို ဘာသာပြန်ပေးရန် ကြိုတင်ပြင်ဆင် ထားပါ။
- ✓ နားထောင်သူများ အလွယ်တကူလာရောက်နိုင်သည့် အဆင်ပြေသောနေရာတွင် လုပ်ဆောင် ရန် ဆုံးဖြတ်ပါ။
- ✓ ဆွေးနွေးပွဲတွင် အသုံးပြုမည့် ပစ္စည်းများ (ဥပမာ - TV ၊ DVD ပြစက်) ဆွေးနွေးပွဲ ကျင်းပ သည့်နေရာတွင် ရရှိနိုင်ခြင်းရှိမရှိနှင့် မရရှိနိုင်ပါက ဦးဆောင်ဆွေးနွေးသူမှ ၎င်းနှင့်အတူတကွ ယူဆောင် လာရန် ဖြစ်သည်။
- ✓ ဆွေးနွေးချက်များကို မှတ်တမ်းတင်နိုင်ရန်နှင့် အနာဂတ်ဆွေးနွေးပွဲများအတွက် ပိုမိုကောင်း မွန်စွာ ဆောင်ရွက်နိုင်ရန် အသံဖမ်းစက် သို့မဟုတ် မှတ်စုစာအုပ်ဖြင့် မှတ်တမ်းတင်ရန် လိုအပ်သည်။

## ဦးဆောင်ဆွေးနွေးသူအတွက် ရည်ညွှန်းချက်

**ရွှေ့ပြောင်းစိုက်ပျိုးနည်းမှ လေ့ကားထစ်စိုက်ပျိုးနည်းသို့ ပြောင်းလဲခြင်း (ဟားခါးမြို့၊ ချင်းပြည်နယ်)**

**ခင်သူဇာနွယ် (တင်ဆက်သူ)။** ။ ရုပ်မြင်သံကြားပရိတ်သတ်များ မင်္ဂလာပါရှင်။ ကျမ အခုရောက်ရှိနေတာက တော့ ကုန်းမြင့်တောင်စောင်းတွေပေါ်များတဲ့ ချင်းပြည်နယ် ဟားခါးမြို့နယ်မှာပဲ ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံဖို့အတွက် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးနည်းအစား ခေတ်မီတောင်စောင်း စိုက်ပျိုးနည်း စနစ်ကို အသုံးပြုပြီးတော့ စိုက်ပျိုးထုတ်လုပ်ဖို့အတွက် နိုင်ငံတော်ရဲ့အကူအညီတွေ၊ မိသားစု ဝင်ငွေတိုးပွားရေးနဲ့ အရင်းအနှီးတိုးပွားရေးအတွက် ဒေသတွင်းအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အကူအညီနဲ့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ အကြောင်းအရာတွေကို ရိုက်ကူးတင်ဆက်ပေးသွားမှာပဲ ဖြစ်ပါ တယ်ရှင်။

**အပိုင်း (၁) စားနပ်ရိက္ခာဖူလုံရန် ရွှေ့ပြောင်းတောင်ယာမှ လှေကားထစ်စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲခြင်း**

**အောင်ကျော်မိုး (သတင်းထောက်)။** ။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များမင်္ဂလာပါခင်ဗျား။ မြင့်မားတဲ့ တောင်ကုန်း တောင်တန်းတွေ တည်ရှိပြီးတစ်နေရာနဲ့တစ်နေရာသွားလာဖို့ ခက်ခဲတဲ့ ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးမှု အနည်းဆုံး ပြည်နယ်တခု ဖြစ်ပါတယ်။ ဒီဒေသဟာလူဦးရေနည်းပါးပြီး ကျေးရွာအများစုဟာ ကုန်းမြင့် တောင်စောင်း တွေမှာသာ ကျေးရွာတည်ဆောက်ကာ နေထိုင်ကြပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ ကျေးရွာအများစုဟာ စားနပ်ရိက္ခာ ဖူလုံမှုရရှိဖို့ ဒေသခံတွေအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။ ဟားခါးမြို့နယ် အတွင်းမှာရှိတဲ့ ချွန်ကျုံးကျေးရွာ မှာတော့ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ အခွင့်အလမ်းတစ်ခုရရှိထားပါတယ်။ ဒါကတော့ ဟားခါး အခြေစိုက် ပြင်သစ်လူမှုကူညီမှု အဖွဲ့အစည်း တစ်ခုဖြစ်တဲ့ GRET Myanmar ချင်းအသေးစားချေးငွေ လုပ်ငန်းက ဒေသခံအဖွဲ့ အစည်းတစ်ခုဖြစ်တဲ့ CORAD နဲ့ပူးပေါင်းပြီး ဆောင်ရွက်မှုတွေ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်လောက် ကတည်းက သူတို့ကျေးရွာမှာ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ နည်းပညာ ကူညီမှုတွေရရှိလာခြင်းပဲ ဖြစ်ပါတယ်။ လက်ရှိ ဒေသခံများ လုပ်ကိုင်နေတဲ့ ရွှေ့ပြောင်းတောင်ယာစနစ်ကနေ ခေတ်မီ တောင်စောင်း လယ်ယာစနစ်ကိုပြောင်းလဲလုပ် ကိုင်နိုင်ဖို့ နည်းပညာပေး ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

**ဦးလျန်ချင်း (ဥက္ကဌ၊ ချွန်ကျုံးကျေးရွာ၊ ဟားခါးမြို့နယ်)။** ။ အရင်ကတော့ ကျွန်တော်တို့ တရွာလုံးလိုလိုပဲ ရွှေ့ပြောင်း တောင်ယာတွေ လုပ်ခဲ့ကြတယ်။ အဲဒီအချိန်တုန်းကဆိုရင် သဘာဝလည်း ပျက်စီးတယ်။ သစ်ပင်တွေလည်း ခုတ်တယ်။ မီးလည်းရှို့တယ်။ မြေလည်းပြိုတယ်။ အခုဆိုရင်တော့ လှေကားထစ် စိုက်ပျိုးနည်းတွေ သင်ပေးတော့ လှေကားထစ်နဲ့ စပါးတွေ ဆန်တွေ ရခဲ့တယ်။

**အောင်ကျော်မိုး။** ။ ချင်းပြည်နယ်ဒေသခံ အဖွဲ့အစည်းတခုဖြစ်တဲ့ CORAD ကနေ ဒေသခံတွေကို ဂမ်းစာ ဖူလုံမှု ရရှိရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးနဲ့ ပတ်သက်တာတွေကို နည်းပညာပိုင်းအရ အဓိက ကူညီပေးနေ ခြင်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ တီးတိန်၊ ဖလမ်းနဲ့ ထန်တလန် စတဲ့ မြို့နယ် (၄) မြို့နယ်ရှိ ကျေးရွာပေါင်း (၁၀၅) ရွာမှာ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ မြေစီမံခန့်ခွဲမှုသင်တန်း၊ ရေစီမံခန့်ခွဲမှု သင်တန်းတွေနဲ့ ရွှေ့ပြောင်းတောင်ယာစနစ်ကနေ လှေကားထစ်ပုံ ခေတ်မီ တောင်စောင်း လယ်ယာ စနစ် ဖော်ဆောင်ခြင်းလုပ်ငန်းတွေမှာ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် မွေးမြူရေးလုပ်ငန်းတွေနဲ့ အမျိုးသမီး ပါဝင်ခွင့် ရရှိရေးတို့မှာလည်း ကူညီဆောင်ရွက်မှုတွေရှိနေပါတယ်။

**ဦးကီလ်သူ (Operation Manager ၊ CORAD ချင်းဒေသခံအဖွဲ့အစည်း)** ။ ။ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး

တော့ အဓိကအားဖြင့် ရွှေ့ပြောင်းတောင်ယာ လုပ်ကြတော့ သဘာဝပတ်ဝန်းကျင် ပျက်စီးတာ တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ အမြဲတမ်း တနှစ်ဆိုတနှစ် မြေအသစ်မှာ ပြောင်းရွှေ့တဲ့အခါမှာ ဒီတောတွေက ခုတ်ပြီးမှ မီးရှို့တယ်။ အဲဒီမီးက အဲဒီတောင်ယာတကွက်ထဲတင် မဟုတ်ပဲနဲ့ နေရာတကာ လျှောက်ပြီးမီးကူးလောင်တာတွေလည်း ရှိတယ်။ အဲဒီဟာတွေကို လျှော့ချနိုင်အောင် အမြဲတမ်း sustainable ဖြစ်တဲ့ လယ် ၊ ဉယျာဉ်ခြံ လိုဟာမျိုးကို လုပ်ဖို့ အားပေးခြင်း ဖြစ်တယ်။

**အောင်ကျော်မိုး။** ။ ချင်းပြည်နယ်အတွင်းရှိ ကျေးရွာအချို့မှာ အခုလိုစိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ နည်းပညာပေး ဆောင်ရွက်မှုတွေက အဲ့ဒီဒေသမှာရှိတဲ့ ကျေးရွာလူထုအတွက် အကျိုးကျေးဇူးများစွာ ရရှိစေပါတယ်။ အဓိက စိုက်ပျိုး ရေးလုပ်ငန်းတွေမှာ သီးနှံအထွက်တိုးမှု ရရှိလာပြီး မိသားစုစားနပ်ရိက္ခာ ဖူလုံလာတာဘဲ ဖြစ်ပါတယ်။

**ဦးထန်ဟဲ (လယ်သမား၊ ချွန်ကျုံးကျေးရွာ၊ ဟားခါးမြို့နယ်)။** ။ ကျွန်တော်တို့ တောင်သူ စလုပ်တာက (၁၀) နှစ် လောက်ရှိပြီ။ လွန်ခဲ့တဲ့ (၁၀) နှစ်တုန်းကတော့ နည်းပညာလည်း ကျွန်တော်တို့ မရဘူး။ ပြီးတော့ CORAD အဖွဲ့က နည်းပညာအမျိုးမျိုး ကျွန်တော်တို့ကို ပေးတယ်။ စိုက်ပုံစိုက်နည်း (SIR) လည်း ပေးတယ်၊ မြေသြဇာပေးနည်း၊ စတဲ့ အများကြီး သင်တန်းပေးတယ်။ အဲဒါတွေကို အများကြီး ကျွန်တော်တို့လယ်ယာထဲမှာ သုံးနေတယ်။

**အပိုင်း (၂) လှေကားထစ်စိုက်ပျိုးနည်းစနစ်၏ အကျိုးကျေးဇူးများ**

**အောင်ကျော်မိုး။** ။ ချင်းပြည်နယ်မှာရွှေ့ပြောင်းစိုက်ပျိုးခြင်းက ကြာမြင့်ပြီ ဖြစ်ပေမဲ့ ခေတ်မီတောင်စောင်း လှေကားထစ် စိုက်ပျိုးရေးကိုတော့ ၁၉၆၀ ခုနှစ်နောက်ပိုင်းမှသာ စတင်ခဲ့ပါတယ်။ အဓိကအနေနဲ့ အဲ့ဒီဒေသမှာ ဆန်စပါးကို ဒေသစားကုန်အဖြစ် ပြောင်းလဲစိုက်ပျိုးရာမှ အစပြုခဲ့တာဖြစ်ပါတယ်။ ခေတ်မီ တောင်စောင်း လယ်ယာစနစ် ဖော်ဆောင်နိုင်ဖို့ ဒေသခံတောင်သူတွေတွက် ခက်ခဲမှုတွေရှိနေပါတယ်၊ အဓိက လိုအပ်ချက်ကတော့ လှေကားထစ်ပုံစံ တောင်စောင်း လယ်ယာစနစ် ဖော်ဆောင်နိုင်ဖို့ ကုန်ကျစရိတ် မြင့်မားတာကြောင့် ဖြစ်ပါတယ်။

**ဦးတက်နေအောင် (မြို့နယ်ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဟားခါးမြို့) ။** ။ ခေတ်မှီတောင်စောင်းစနစ်က အများကြီး ကွာခြားပါတယ်။ ဒေသကနေလုပ်နေတာက လက်ရှိ ရွှေ့ပြောင်းတောင်ယာစနစ်ပေါ့။ ရွှေ့ပြောင်း တောတောင် ယာစနစ်ရဲ့ ဆိုးကျိုးတွေကတော့ တောတွေပြုန်းလာတယ်။ ပြီးတော့မှ သီးနှံအထွက်နှုန်း လျော့နည်းလာတယ်။ စိုက် ခင်းဧရိယာတွေလည်း တဖြေးဖြေးပေးလာတယ်။ ကျွန်တော်တို့ လက်ရှိလုပ်မယ့် အမြဲတမ်းတောင်ယာ (Permanent Farming) စနစ်ကို ဆောင်ရွက်ခြင်းအားဖြင့် ရွှေ့ပြောင်းပြီးတော့ တောတွေ ခုတ်စရာမလိုတော့ဘူးပေါ့။ တောပြုန်းမှု တွေ အများကြီး သက်သာလာမယ်။

**အောင်ကျော်မိုး။** ။ ခုလို ခေတ်မှီတောင်စောင်းနည်းစနစ်တွေကို ဖေါ်ဆောင်တဲ့နေရာမှာ အဓိကမြေဆီလွှာတွေ ဆုံးရှုံးမှု မရှိအောင် ဘယ်လိုဆောင်ရွက်နေလဲ။ ဘယ်လိုနည်းလမ်းတွေကို အဓိက အသုံးပြုပြီးတော့မှ အကောင်အထည်ဖေါ် ဆောင်ရွက်နေလဲ။

**ဦးတက်နေအောင်။** ။သီးနှံစိုက်ပျိုးဖို့အတွက် ဆိုရင် အပေါ်ယံမြေဆီလွှာ မဆုံးရှုံးဖို့က အဓိက အရေးပါတာပဲ ဖြစ်ပါတယ်။ ရာသီသီးနှံအတွက် ဆိုရင်လည်း အပေါ်ယံမြေဆီလွှာက ရှိမှသာ သီးနှံက အောင်မြင်မှာဖြစ်ပါတယ်။ နှစ်ရှည်ပင်အတွက် ဆိုရင်လည်း အပေါ်ယံမြေဆီလွှာရော အတွင်းမှာရှိတဲ့ မြေဆီလွှာရော လိုပါတယ်။ အပေါ်ယံမြေဆီလွှာ မဆုံးရှုံးအောင် စတင်ဖေါ်ထုတ်ထားသလို အပေါ်ယံမြေလွှာတွေကို သီးခြားဖေါ်ပြီး လှေခါးထစ်ဖေါ်ပြီး နောက်ပိုင်းမှာလည်း ပဲမျိုးနွယ်ဝင် အပင်တွေကို စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒါမှသာ မြေဆီလွှာက ပိုပြီးကောင်းလာမှာ ဖြစ်ပါတယ်။ ပြီးတော့မှ မိုးမှာ စိုက်ပြီးတဲ့ သီးနှံ အကြွင်းအကျန်တွေကို ဆောင်းမှာ သဘာဝမြေဆွေးအဖြစ် သုံးမှသာ အပေါ်ယံ မြေဆီလွှာက ကောင်းသထက် ကောင်းလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ စိုက်ခင်းထဲမှာ

ရှိတဲ့ သီးနှံအကြွင်းအကျန်တွေကို လည်း မြေဆွေးအဖြစ်လုပ်ဖို့ကို ကျွန်တော်က ပိုပြီးတော့မှ အားပေးချင် ပါတယ်။

**အောင်ကျော်မိုး။** ။ အခုလိုမျိုး ခေတ်မှီတောင်စောင်းစနစ်ကို လေ့ကားထစ်ပုံစံ ဖေါ်ဆောင်ပြီးမှ ဆောင်ရွက်နေတာဆိုတော့ အရင် ရွှေ့ပြောင်းတောင်ယာစနစ်နဲ့ ဘယ်လောက်ထိ ကွာခြားမှုရှိလဲ။

**ဦးတက်နေအောင်။** ။ မြေပြင်အနေအထားနဲ့ပြောရင် ချင်းတောင်ဟာ တောင်တန်းဒေသဖြစ်တဲ့အတွက် တောင်စောင်းတွေကလည်း များပါတယ်။ များတဲ့အတွက် သာမန် တောင်ယာခုတ်သွားမယ်ဆိုလို့ရှိရင် တဖြေးဖြေးနဲ့ တောပြုန်းသွားမှာ ဖြစ်ပါတယ်။ ခေတ်မှီတောင်စောင်းစနစ်နဲ့ သွားမယ်ဆိုလို့ရှိရင် သင့်တင့်လျောက်ပတ်တဲ့ တောင်စောင်း (Slope) အလိုက် တောင်စောင်း မြင့်ရင်မြင့်သလို ခေတ်မှီတောင်စောင်းစနစ်နဲ့ သွားမယ်ဆိုရင် ဒေသနဲ့ အကိုက်ညီဆုံး စနစ်ဖြစ်မယ်လို့လည်း ထင်ပါတယ်။

**အပိုင်း (၃) အသေးစားချေးငွေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများ ဖန်တီးပေးခြင်း**

**အောင်ကျော်မိုး။** ။ လယ်သမားတွေကသီးနှံအထွက်နှုန်းကောင်းအောင် လုပ်ဆောင်နေချိန်မှာ ချင်းပြည်နယ်အတွင်းရှိ ကျေးရွာတစ်ချို့မှာ အသေးစား စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်ဖို့ အခွင့်အရေးရရှိခဲ့တာကြောင့် သူတို့ရဲ့ ပုံမှန်ဝင်ငွေလဲ တိုးတက်မြင့်မားလာပါတယ်။ ဒီအသေးစား စီးပွားရေးလုပ်ငန်းတွေရဲ့ အရင်းအနှီး အရင်းမြစ်ကတော့ အသေးစားချေးငွေ လုပ်ငန်းမှ ရရှိခြင်းဖြစ်ပါတယ်။ ဟားခါးမြို့နယ် အတွင်းရှိ လောက်လုံးကျေးရွာမှာ အခုလို အသေးစားချေးငွေလုပ်ငန်းကို ၁၉၉၈ ခုနှစ်ကတည်း ကစတင်ခဲ့ပြီး လက်ရှိငွေကျပ် သိန်းပေါင်း ၃၄၀ ကျော်နဲ့ လည်ပတ်နေပါတယ်။ အိမ်ထောင်စု ၁၅၀ ကျော်ရှိတဲ့ အဲ့ဒီ ကျေးရွာမှာ ချေးငွေစတင် ထုတ်ချေးစဉ်က အိမ်ထောင်စုတစ်ခုကို ကျပ် (၅၀၀၀) နှုန်းနဲ့ ထုတ်ချေးခဲ့ပေမဲ့ လက်ရှိမှာ တစ်ဦးကို ကျပ်တစ်သိန်းခြောက်သောင်းမှ နှစ်သိန်းအထိ ထုတ်ချေးနိုင် ခဲ့ပါတယ်။ အသေးစားစီးပွားရေး လုပ်ငန်းများအတွက် တစ်ဦးကို ကျပ် ခြောက်သိန်းနဲ့ ဆယ်သိန်းအထိ ချေးငွေ သက်တမ်း တစ်နှစ်သတ်မှတ်ကာ ထုတ်ချေးပေးနေပါတယ်။

**ဦးဂီလျန် (မြို့နယ်မန်နေဂျာ၊ GRET Myanmar ချင်းအသေးစားချေးငွေလုပ်ငန်း၊ ဟားခါး)။** ။ကျွန်တော်တို့ ဒီချေးငွေလုပ်ငန်းက အလကားပေးတာ မဟုတ်ဘူး။ မိသားစု ဝင်ငွေတိုးပွားရေးအတွက် အလုပ်လုပ်ရပါတယ်။ အလကားပေးတယ်မဟုတ်တဲ့ အတွက်ကြောင့် အသင်းသားတွေကလည်း သူတို့သဘောပေါက်တာ အတိုးဘဲဖြစ်ဖြစ်၊ အရင်းဘဲဖြစ်ဖြစ် ပြန်ဆပ်ရမယ်ဆိုတာ သူတို့စိတ်ထဲမှာစွဲမြဲပြီးတော့ နေ့တိုင်းသူတို့ ပုံမှန်အလုပ်လုပ်တဲ့အတွက်ကြောင့် ဒီချေး ငွေလုပ်ငန်း တည်ရှိတဲ့ ရွာတွေမှာတော့ ဖွံ့ဖြိုးမှု အလားအလာ လမ်းစဖွင့်ပေးပါတယ်လို့ ယုံကြည်ပါတယ်။

**ဦးလိုင်လီန်း (ဥက္ကဌ၊ ချင်းအသေးစားချေးငွေလုပ်ငန်း၊ လောက်လုံးကျေးရွာ) ။** ။ (ချင်းဘာသာပြော) ဒီချေးငွေလုပ်ငန်းက ၁၉၉၈ ခုနှစ်လောက်က စပါတယ်။ နှစ်ပေါင်း (၁၈) နှစ်လောက်တော့ ကြာပါပြီ။ အရင်းအနှီး လိုအပ်တဲ့ မိသားစုတွေ ဒီကနေ အရင်းအနှီးရနိုင်ပါတယ်။ အဲ့ဒီအရင်းအနှီးကနေ မွေးမြူရေးနဲ့ စိုက်ပျိုးရေးပဲဖြစ်ဖြစ် လုပ်လို့ရပါတယ်။ ပြီးတော့ ကိုယ်တတ်နိုင်သလောက် အရောင်းအဝယ်လုပ်ပြီးတော့ မိသားစုရဲ့ ဝင်ငွေတိုးပွားရေးမှာ အထောက်အကူပြုစေနိုင်ပါတယ်။ ဒီချေးငွေရရှိခြင်း အကျိုးကြောင့် အားလုံးအဆင်ပြေတယ်လို့ မပြောလိုပေမယ့် အဲ့ဒီကနေ အများကြီး အထောက်အကူရပါတယ်။

**အောင်ကျော်မိုး။** ။ ချင်းပြည်နယ်မှာ အခုလိုအသေးစားချေးငွေလုပ်ငန်းလည်ပတ်နေတာကတော့ နှစ်ပေါင်း နှစ်ဆယ်ရှိပါပြီ။ ၁၉၉၅ ခုနှစ်လောက်ကတည်းက GRET ကနေ ဒီအသေးစားချေးငွေစနစ်ကို စတင်ကူညီဆောင်ရွက် ပေးခဲ့ပါတယ်။ ဒီချေးငွေလုပ်ငန်းက ဒေသခံတွေရဲ့ လူနေမှုဘဝကို တိုးတက်မြင့်မားလာအောင် အထောက်အကူ ပြုနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေး လုပ်ငန်းတွေ၊ တစ်နိုင်တပိုင် မွေးမြူရေးလုပ်ငန်းတွေနဲ့ အိမ်တွင်းကုန်ဆုံးဆိုင်တွေ ဖွံ့ဖြိုး လာခဲ့ပါတယ်။

**Mrs. Murrielle Morisson (Project Manager ၊ GRET Myanmar ချင်းအသေးစား ချေးငွေလုပ်ငန်း၊ ချင်းပြည်နယ်)။ ။ ချေးငွေစတင်ခဲ့တာကတော့ ရွာအဆင့် ချေးငွေစနစ်နဲ့ စခဲ့တယ်။ ရွာသားတွေကို (၅) ဦးအဖွဲ့ဝင် ဖွဲ့စည်းပြီး ချေးငွေထုတ် ပေးတယ်။ တစ်ဦးချင်းစီမှာ သူတို့ရဲ့ စီမံကိန်းလေးတွေရှိတယ်။ ဥပမာ မွေးမြူရေး၊ စိုက်ပျိုးရေး၊ ကုန်ရောင်းကုန်ဝယ်တွေပေါ့။ သူတို့ကို စီမံကြီးကြပ်ရေးကော်မတီဖွဲ့ပေးတယ်။ ရွာအဆင့်ပေါ့။ ဒီကြီးကြပ်ရေးကော်မတီက ချေးငွေဖြန့်ဖြူးရေးနဲ့ ချေးငွေပြန်ဆပ်တာတွေကို တာဝန်ယူရတယ်။ ဆိုလိုရင်းကတော့ တာဝန်တွေကို ဗဟိုတစ်ခုမှာ မထားတော့ဘဲ ဖြန့်ပြီးဆောင်ရွက်တာ ဖြစ်ပါတယ်။**

**အောင်ကျော်မိုး။** ။ အခုဆိုရင် ချင်းပြည်နယ်မှာ GRET Myanmar ရဲ့ ချင်း အသေးစားချေးငွေလုပ်ငန်းကို မြို့နယ်ပေါင်း (၅) မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ဒီလုပ်ငန်းကနေ ချေးငွေထုတ်ချေးသူပေါင်း တစ်သောင်း ကျော် ရှိနေပြီ ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာတော့ ဒီလုပ်ငန်းဟာ အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူတွေ အတွက် အရင်းအနှီးထုတ်ပေးတဲ့ လုပ်ငန်းတစ်ခု ဖြစ်နေပါတယ်။

**Mrs. Murrielle Morisson ။ ။ ချေးငွေစနစ် အထိရောက်ဆုံးကတော့ ဆင်းရဲတဲ့မိသားစုတွေအတွက် ဖြစ်ပါတယ်။ ရတဲ့ချေးငွေနဲ့ သူတို့မှာ ဝက်မွေးမြူရေး စတင်လုပ်ကိုင်နိုင်ပါတယ်။ ဒီစီမံကိန်း မစသေးမီကာလကဆိုရင် ဝက်မွေးမြူလိုတဲ့ မိသားစုတွေဟာ ဝက်ကလေးတစ်ကောင် ဝယ်ဖို့တောင် မတတ်နိုင်ပါဘူး။ အခုလို ငွေချေးပေးတော့ သူတစ်ပါး အားကိုးစရာမလိုဘဲ ကိုယ်ကိုယ်တိုင် မွေးမြူလာနိုင်ပါတယ်။ ဒီလိုအသေးစားချေးငွေတွေဟာ အထူးသဖြင့် အမျိုးသမီးတွေအဖို့ အကူအညီအများဆုံးရပါတယ်။ ဝက်မွေးမြူရေးကစလို့ နောက်ပိုင်း စီးပွားဖြစ်ဆိုင်ကလေးတွေ ဖြစ်လာပြီး အသေးစားစီးပွားရေးလုပ်ငန်းအတွက် စီးပွားဖြစ်ချေးငွေကလည်း သူတို့ရဲ့လုပ်ငန်းတိုးချဲ့ရာမှာ အထောက်အကူ ဖြစ်လာပါတယ်။**

**အောင်ကျော်မိုး။** ။ ချင်းအသေးစားချေးငွေလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုတွေက ဒေသခံပြည်သူတွေ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဖွံ့ဖြိုးမှုနဲ့ ဝင်ငွေတိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုနေပါတယ်။ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ကဏ္ဍတွေမှာလဲ ဂရတ်မြန်မာရဲ့ ပါဝင်ဆောင်ရွက်မှုတွေက မိသားစု စားနပ်ရိက္ခာ ဖူလုံရေးမှာအရေးကြီးတဲ့ အခန်းကဏ္ဍမှာပါဝင်နေပါတယ်။

**ဒေါ်လှောန်ဖိန်း (ကုန်စုံဆိုင်ပိုင်ရှင်၊ လောက်လုံကျေးရွာ၊ ဟားခါးမြို့နယ်) ။** ။ (ချင်းဘာသာပြော) အရင်ချေးငွေမယူခင်တုန်းက တောင်ယာလုပ်ငန်းတွေ လုပ်ရပါတယ်။ အရင်းအနှီးမရှိတဲ့အတွက် လိုချင်တဲ့အရာတိုင်းကို ငွေမမှီပါဘူး။ အခုချေးငွေရပြီးမှဘဲ လုပ်ငန်းတွေတိုးချဲ့လာနိုင်တယ်။ အရင်တုန်းကဆိုရင် ဆိုင်သေးသေးလေးနဲ့ လုပ်ခဲ့ပေမယ့်လည်း အချိန်ပြည့်ဆိုင်မထိုင်နိုင်ပါဘူး။ မနက်နဲ့ ညနေပိုင်းမှာဘဲ ဆိုင်ထိုင်ပြီး၊ နေ့လည်ပိုင်းမှာ တောင်ယာ အလုပ်လုပ်ရပါတယ်။ အခု ဒီချေးငွေရယူပြီး ဆိုင်ကိုတိုးချဲ့ဖွင့်ထားတော့ တစ်နေ့လုံး ဆိုင်မှာဘဲ ဈေးရောင်းရပါပြီ။ သားသမီးတွေရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ မိသားစုစားဝတ်နေရေးမှာ ဆိုင်ရဲ့အမြတ်က အများကြီး အထောက်အကူပြုပါတယ်။

**ဒေါ်နီှာရ်ဖိန်း (အသင်းသူ၊ လောက်လုံကျေးရွာ၊ ဟားခါးမြို့နယ်)။ ။ ဒီချေးငွေလုပ်ငန်းသာမရှိဘူးဆိုရင် ကျွန်မတို့က နွားလေးတစ်ကောင်မှ ရနိုင်မှာ မဟုတ်ဘူး။ ရှိနိုင်မှာ မဟုတ်ဘူး။ ဒီချေးငွေလုပ်ငန်းလေး ရှိလို့ ကျွန်မတို့ မိသားစုအတွက် အများကြီးကို အထောက်အကူပြုတယ်။ ဒီချေးငွေသာမရှိရင် အမျိုးသား လုပ်တာလေးကိုစားပြီး၊ ဘာမှ အိမ်မွေးတိရိစ္ဆာန်လည်း ရှိနိုင်မှာ မဟုတ်ဘူးလေ။ အခုဆိုရင် နွား ၈ ကောင် ၉ ကောင်လောက်တော့ ရှိနေပြီ။ အဲ့ဒါ ကျွန်မတို့ မိသားစုအတွက်တော့ အကျိုးအများကြီး ရှိတယ်။ တစ်ခြားလူတွေအတွက် အများကြီး အကျိုးရှိမယ်လို့ ထင်ပါတယ်။**

**ဦးထန်ဟဲလ် (လယ်သမား၊ ချွန်ကျုံးကျေးရွာ)။ ။ ဟုတ်တယ်။ အများကြီးရှိတယ်။ CORAD အဖွဲ့တွေက နည်းပညာ အမျိုးမျိုး လာပေးလို့ ကျွန်တော်တို့အတွက်ပဲဖြစ်ဖြစ် တစ်ခြားတောင်သူတွေအတွက်ပဲဖြစ်ဖြစ် အများကြီး အကျိုး သက်ရောက်မှု ရပါတယ်။**

**အပိုင်း (၄) ချင်းပြည်နယ်အစိုးရ၏ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းနေမှုများ**

**အောင်ကျော်မိုး။** ။ ချင်းပြည်နယ်မှာ အသေးစားချေးငွေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဂရတ်မြန်မာရဲ့ ချင်းအသေးစား ချေးငွေလုပ်ငန်းက ကူညီဆောင်ရွက်ပေးနေသလို ပြည်နယ်အစိုးရမှလဲ မြစိမ်းရောင် စီမံကိန်းနဲ့ သမဂါယမ ချေးငွေလုပ်ငန်းတွေမှာ ရရှိလာတဲ့ ဘတ်ဂျက်ပေါ်မူတည်ပြီးဆောင်ရွက်မှုတွေ ရှိနေပါတယ်။ စိုက်ပျိုးရေး ကဏ္ဍမှာလည်း ရွှေ့ပြောင်းတောင်ယာစနစ်ကို လျော့ချနိုင်ဖို့အတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းတွေက အသိပညာပေး ဆောင်ရွက်မှုတွေက ထိရောက်မှု ရှိတယ်လို့ သိရပါတယ်။

**ဦးမာန်ဟင်းဒါးလ် (ဝန်ကြီး၊ စိုက်ပျိုး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ ချင်းပြည်နယ် အစိုးရအဖွဲ့)။** ။ ကျွန်တော်တို့ ချင်းပြည်နယ်က အဆင်းရဲဆုံးပြီး နိုင်ငံတော်က သတ်မှတ်ထားတဲ့အတိုင်းဘဲ ကျွန်တော်တို့ ဘာလို့ ဆင်းရဲသလဲ။ အဓိက လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမြေ မရှိတာရယ်၊ နောက်ပြီးတော့ နည်းပညာမရှိတာရယ်၊ ရင်းနှီးမြှုပ်နှံမှု မရှိတာရယ်ဆိုတော့ အဲဒါတွေကို ချက်ချင်းတော့ ပြောင်းလဲလို့မရပါဘူး။ တဖြည်းဖြည်းနဲ့ အောင်မြင် အောင်လုပ်သွားမယ် စီမံကိန်းရေးဆွဲ ပြီးတော့ နိုင်ငံတော်၊ နိုင်ငံတကာ အဖွဲ့အစည်းကရော တော်တော်များများ ပံ့ပိုးမှ ၄၊ ၅ နှစ်အတွင်းမှာ အခြေခံလေးတော့ ရမယ်လို့ ယူဆတယ်။

**အောင်ကျော်မိုး။** ။ ချင်းပြည်နယ်မှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာ ကေပေါင်း (၅၆၀) ကို အစိုးရ ဘတ်ဂျက် ကို အသုံးပြုပြီး စတင်ဆောင်ရွက်နေပါတယ်။ လက်ရှိစိုက်ပျိုးရေးကဏ္ဍမှာ ချင်းပြည်နယ် ဒေသတစ်ခုလုံး အတွက် စားနပ်ရိက္ခာ ဖူလုံမှု မရရှိသေးတာကြောင့် အခုလို စပါးစိုက်ပျိုးနိုင်တဲ့ ကုန်းမြင့်လယ်ယာစနစ်ကို တိုးချဲ့ဆောင်ရွက် လာခြင်းဖြစ်ပါတယ်။

**ဦးမာန်ဟင်းဒါးလ်။** ။ လယ်ယာနဲ့ပတ်သက်ပြီးတော့ ချင်းပြည်နယ်မှာ စိုက်ပျိုးနိုင်တဲ့ မြေပြန့်ဧရိယာ တော်တော်နည်းပါ တယ်။ စစ်ကိုင်းတိုင်းနဲ့စပ်နေတဲ့ နေရာတွေ၊ မကွေးတိုင်းနဲ့ စပ်နေတဲ့ နေရာတွေမှာ အထူးသဖြင့် အဲဒီမှာ နေရာတော့ ရှားပါးတယ်၊ စိုက်ပျိုးနိုင်တဲ့ နေရာရှားပါးလို့ အဓိက အဲဒါကို လုပ်ပါတယ်။ နောက်ပြီးတော့ တောင်ပေါ်၊ ကုန်းမြင့်ပိုင်း မှာလည်း စိုက်ပျိုးနိုင်ဖို့ ကုန်းမြင့်လယ်ယာ ဖေါ်ထုတ်ခြင်း၊ နောက်တစ်ခုက လှေကားထစ်စိုက်ပျိုးရေးကို ဘတ်ဂျက် ရသမျှနဲ့ အကျိုးရှိအောင် လုပ်နေပါတယ်။

**အောင်ကျော်မိုး။** ။ ချင်းဓလေ့ထုံးတမ်းအရ ရွှေ့ပြောင်းတောင်ယာစနစ်ကို အချိန်တိုအတွင်းပပျောက်အောင် ဆောင် ရွက်ဖို့ကတော့ ခက်ခဲမှုတွေရှိနေဆဲ ဖြစ်ပါတယ်။

**ဦးမာန်ဟင်းဒါးလ်။** ။ ဒီရွှေ့ပြောင်းတောင်ယာကို အစားထိုးနိုင်တဲ့နည်းက ဥပမာဆိုရင် လက်ဖက်တွေ ဘာတွေရှိ တယ်။ လက်ဖက်ကတော့ နေရာတိုင်းတော့ မဖြစ်ဘူး။ ဖြစ်တဲ့နေရာ ရှိတယ်။ အဲ့ဒီနေရာမှာ တစ်ချို့ရွာတွေ လက်ဖက် စိုက်ပြီးတော့ တအိမ်ကို ကေ (၁၀) လောက် ရှိလျှင် တောင်ယာစိုက်ပျိုးစရာ မလိုတော့ပဲနဲ့ ဒါနဲ့ တစ်နှစ်ပတ်လုံး နေနိုင်တဲ့ အနေအထား ဖြစ်တော့ ဒါမျိုးကိုလည်း သင့်တော်တဲ့နေရာမှာ ချဲ့ပြီးတော့ လုပ်သွားမယ်။ အဲဒီလိုနည်းနဲ့ ရွှေ့ပြောင်း တောင်ယာစနစ်ကို တဖြည်းဖြည်းနဲ့ လျော့သွားမှ ရနိုင်မယ့် အနေအထားရှိပါတယ်။

**အောင်ကျော်မိုး။** ။ အခြား ပြည်နယ်တွေထက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ချင်းပြည်နယ်မှာ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာတော့ ခက်ခဲမှုတွေ ရှိနေဆဲဖြစ်ပါတယ်။ စိုက်ပျိုးမြေ နည်းပါးခြင်း၊ နည်းပညာ

ပိုင်းအရ သုတေသနလုပ်ငန်းတွေမှာ အားနည်းချက်ရှိနေခြင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ နည်းပါးခြင်းတွေ
က အဓိက စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ပြည်နယ် အစိုးရအနေနဲ့ ရရှိလာတဲ့ ဘတ်ဂျက် ပေါ်မူတည်ပြီး
ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေပါတယ်။ အခုဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွေနဲ့ ကျေးလက် ေ
ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေနဲ့ ထောက်ပံ့ကူညီမှုတွေ ဝင်ရောက်လာတာ ေ
ကြောင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အရင်ကထက် ကောင်းမွန်လာမှာ ဖြစ်ပါတယ် ခင်ဗျာ။

**ခင်သူဇာနွယ် (တင်ဆက်သူ)။** ။ ချင်းပြည်နယ်ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် အဓိကစိန်ခေါ်မှုကြီးတွေဖြစ်တဲ့ စိုက်ပျိုးမြေ ဖော်ထုတ်ခြင်း၊ စိုက်ပျိုးနည်းပညာတွေ၊ ငွေကြေးအထောက် အပံ့တွေကို ဒေသခံတွေအနေနဲ့ ပြည်တွင်းပြည်ပမှ အကူအညီတွေ ရရှိနေပြီဖြစ်တဲ့အတွက် ချင်းပြည်နယ်ဟာ ယခင် ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်ရှင်။

**နောက်ဆက်တွဲ (၁)။ ။ ဆွေးနွေးချက် မှတ်စုပုံစံ**

နေရာ။ ။ ________________မြို့နယ် ၊ ကျေးရွာအုပ်စု၊ ____________________ကျေးရွာအုပ်စု ၊ ______________________ ကျေးရွာ

ဦးရေ။ ။ ( ) ဦး

ရေဒီယိုအစီအစဉ် အမည်။ ။ နေ့စွဲ။ ။

| စဉ် | ဆွေးနွေးသူ အမည် | ဆွေးနွေးချက်များနှင့် လေ့လာတွေ့ရှိချက်များ | ဆက်လက် ဆောင်ရွက်ရန် |
|---|---|---|---|
| | | | |